# ငရုတ်ကောင်းတွင် ကျရောက်တတ်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

**(၁) မှဲ့ပြောက်စွန်းရောဂါ (Anthracnose)**

**ရောဂါဖြစ်စေသက်ရှိ -** *Colletotrichum gloeosporioides* (Penz)

**ရောဂါလက္ခဏာများ**

အရွက်များ၊ သီးခိုင်များနှင့်အသီးများပေါ်တွင် အနည်းငယ်နစ်မြုပ်နေသည့် သေးငယ် သော အဝါရောင် အနားရစ်များပါသည့် အညိုရောင်အစွန်း အကွက်လေးများ ဖြစ်ပေါ် သည်။ ရောဂါပြင်းထန်ပါက အရွက်ကြွေခြင်း၊ သီးခိုင်များကြွေခြင်းနှင့် အသီးများကွဲ အက်ခြင်း တို့ဖြစ်ပေါ်စေသည်။ အသီးကွဲ အက်ခြင်း ကြောင့် အခြားသော မှိုများထပ်မံ ဝင်ရောက် တိုက်ခိုက်နိုင်သည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါရ ရွက်ကြွေများ၊ သီးခိုင်ကြွေများအား မီးရှို့ဖျက်ဆီးပါ။မိုးရာသီတွင်ရောဂါအများဆုံးကျရောက်တတ်သဖြင့် မိုးရာသီတွင် ရောဂါ ဖြစ်ပွားမှုကို ပို၍ သတိထားကာကွယ်ပါ။
- ရောဂါကျရောက်ပါက Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက် )၊ ၊ Thiophanate methyl (သိုင်အိုဖါ နိတ် မီသိုင်း)၊ Azoxystrobin (အဇိုဆီစထရိုဘင်) စသောမှိုသတ်ဆေး များပက်ဖျန်းပါ။